ပေါင်းစည်းခြင်း၏ အင်အားများ

သတင်းရင်းမြစ် >
ကြာသပတေးနေ့၊ အောက်တိုဘာလ ၁၀ ရက် ၂၀၁၃ ခုနှစ် ၀၈ နာရီ ၂၅ မိနစ်

---

ရခိုင်နိုင်ငံရေးပါတီနှစ်ခုဖြစ်ကြသည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)နှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP)တို့အနေဖြင့် ပူးပေါင်းကာ ပါတီတစ်ခုတည်းအဖြစ် ဖွဲ့စည်းမည့်သတင်းကို ကြားရသည်။ စိတ်ဝင်စားဖို့လည်း
ကောင်းပြီး သတင်းကောင်းအဖြစ်လည်း မိမိတို့ ကြိုဆိုအပ်ပါသည်။ အလားတူ ရှမ်း၊ ကရင်စသည့် တိုင်းရင်းသား
ပါတီများလည်း ပူးပေါင်းပြီး နိုင်ငံ့အနာဂတ်အတွက် လုပ်ဆောင်နိုင်မည်ဆိုပါက အတိုင်းထက်အလွန် ဖြစ်ပေမည်။

၂၀၁၀ ရွေးကောက်ပွဲတွင် ရခိုင်ပြည်သူကိုယ်စားပြုအနိုင်ရခဲ့သည့် တိုင်းရင်းသားပါတီတစ်ခုနှင့် ၁၉၉၀ ရွေးကောက်ပွဲ
တွင် ရခိုင်ဒေသအတွင်း မဲအများစုဖြင့် အနိုင်ရခဲ့သည့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်တို့ ပေါင်းစည်းမှုမှာ ရခိုင်ပြည်သူတို့
အတွက်သာမက မြန်မာနိုင်ငံအတွက် ကောင်းမွန်သည့် လက္ခဏာတစ်ရပ် ဖြစ်သည်။
တိုင်းရင်းသားအင်အားစုများ ညီညွတ်ပြီး အင်အားတောင့်တင်းလာပါက မိမိဒေသ ပြန်လည်
ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်သာမက မိမိတိုင်းရင်းသားတို့၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစွာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ရခိုင်တိုင်းရင်းသား နိုင်ငံရေးပါတီနှစ်ခုသည် တစ်ပါတီတည်းအဖြစ် အောင်မြင်အောင် ပူးပေါင်းနိုင်ရေး ကြိုးပမ်းမှုမှာ လွယ်ကူခဲ့သည်ဟုတော့ မပြောနိုင်ပါ။ ဥပမာအားဖြင့် အောက်တိုဘာလ ၅နှင့် ၆ ရက်များက ပြုလုပ်ခဲ့သည့်
ပေါင်းစည်းရေး တရားဝင်ဆွေးနွေးညှိနှိုင်းပွဲများအပြင် အလွတ်သဘော ဆွေးနွေးမှုများကို အကြိမ်ကြိမ် အပြန်အလှန်
နှစ်ဖက်စလုံး ဆောင်ရွက်ခဲ့ကြရမည်ဟုလည်း ခန့်မှန်းလို့ရနိုင်ပါသည်။ သို့သော် နောက်ဆုံးတွင် ယင်းရခိုင်အမျိုးသား
ပါတီနှစ်ခုသည် တစ်ပါတီတည်းအဖြစ် အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ကြပြီ ဖြစ်သည်။ ယခု အချိန်မှစတင်ကာ အသစ်
တစ်ဖန်ဖွဲ့စည်းလိုက်သည့် ရခိုင်အမျိုးသားပါတီ (ALD) အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး
အပါအဝင် ရခိုင်လူမျိုးတို့၏ အခြေခံ ရပိုင်ခွင့်များအတွက် တစ်သံတည်းစုစည်းဖော်ထုတ်နိုင်တော့မည် ဖြစ်သည်။

ရခိုင်ပါတီနှစ်ခုအနေနှင့် ပါတီတစ်ခုတည်းအဖြစ် အောင်မြင်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ခြင်းသည် ရခိုင်တစ်မျိုးသားလုံး
တင်မက အခြားသော တိုင်းရင်းသားအင်အားစုများအတွက်လည်း နည်းဗျူဟာအရ သင်ခန်းစာယူစရာတစ်ခုအဖြစ်
လေ့လာသတိပြုရမည့် အချက်ပင် ဖြစ်သည်။

ရခိုင်အမျိုးသား နိုင်ငံရေးအင်အားစုများနည်းတူ အခြားသော တိုင်းရင်းသားအင်အားစုများဖြစ်သည့် ကရင်တိုင်းရင်းသားတို့၏ ပူးပေါင်းဆောင်ရွက်မှု သတင်းများကိုလည်း ကြားကြရပါသည်။ သို့သော် ယခု ရခိုင် တိုင်းရင်းသားပါတီများလို ပြတ်သားပြီး တိကျသည့် ပေါင်းစည်းမှုမျိုးမဟုတ်သေးဘဲ တချို့တချို့သော လုပ်ငန်းများ
တွင်သာ တစ်စုံတစ်ရာအားဖြင့် အတူပူးတွဲဆောင်ရွက်ရန် သဘောတူကြခြင်းသာ ဖြစ်နေသေးသည်။ ပို၍ ဆိုးသည့်
ပြဿနာမှာ ကရင်လက်နက်ကိုင် အဖွဲ့အစည်းအချင်းချင်းပင်လျှင် တစ်ခါတစ်ရံ ပဋိပက္ခဖြစ်သည်အထိ စိတ်ဝမ်း

ကွဲမှုမျိုးကိုပင် ကြားရတတ်၏။ ယခုလို ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်မှု မိုးထဲလေထဲကာလမျိုးတွင်
မိမိတိုင်းရင်းသားအချင်းချင်း ပူးပေါင်းလျက် တစ်စုတစ်ဖွဲ့တည်းသောအဖွဲ့အဖြစ် မဆောင်ရွက်နိုင်သည့်အပြင်
ပဋိပက္ခအသွင်ဆောင်သည်အထိဖြစ်ရသည့် အခြေအနေမျိုးမှာ ဝမ်းနည်းဖို့ထက် စိတ်ပူပန်စရာမျိုးအထိ
ဖြစ်စေပါ
သည်။

တစ်ချိန်ကမူ အာဏာရအစိုးရအဆက်ဆက်သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအသီးသီးကို
လည်းကောင်း၊ တိုင်းရင်းသား နိုင်ငံရေးပါတီနှင့် အခြားဒီမိုကရေစီအဖွဲ့အစည်း အသီးသီးအပေါ်တွင်
လည်းကောင်း
သွေးခွဲဆက်ဆံသည့် လုပ်နည်းလုပ်ဟန်များဖြင့် တိုင်းရင်းသားများ၊ ဒီမိုကရေစီအင်အားစုများ၏ အင်အားနှင့်
သွေးစည်းမှုကို ပြိုကွဲအောင် ဖြိုခွဲနိုင်ခဲ့ကြ။ ယခုအခါ တိုင်းရင်းသားများ ကိုယ်တိုင်ကပင်လျှင်
ယင်းအားနည်းချက်ကို
ကျော်လွှားနိုင်စပြုပြီလောဟု ယူဆနိုင်ပေသည်။

မည်သို့ပင်ဖြစ်စေ ရခိုင်တိုင်းရင်းသား နိုင်ငံရေးပါတီနှစ်ခု ယခုလိုတစ်ပါတီ တစ်ဖွဲ့စည်းတည်း အောင်မြင်အောင်
ဆောင်ရွက်လိုက်နိုင်ခြင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးလုပ်ငန်းများအတွင်း
သက်ဆိုင်ရာအဖွဲ့အစည်း
များအားလုံး ယခင်ကထက် ပိုမို၍ နည်းဗျူဟာ လမ်းကြောင်းအရ ကြည်လင်ပြတ်သားလာခဲ့ပြီ ဖြစ်သည်ဟု
ယူဆရ
ပါသဖြင့် မဇ္ဈိမက ကြိုဆိုပါသည်။ ကျန်ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား
အင်အားစုများအနေနှင့်လည်း မဟာဗျူဟာအရ တစ်သံတည်းထွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့်
မိမိတို့၏ ပြည်တွင်းစစ် ရပ်စဲရေး၊ ဒီမိုကရေစီရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်သည်ဟု
မဇ္ဈိမက အခိုင်အမာယုံကြည်ပါသည်။